LDSS LETTERHEAD

<Date>
<Name>
<Address>
<City>, <State>, <Zip>

RE: <Case No.>
<CIN No.>

လေးစားအပ်ပါသော <CDPAP CONSUMER>၊

ဤစာသည် သုံးစွဲသူက စီမံညွှန်ကြားနိုင်သော တစ်ကိုယ်ရေ ပံ့ပိုးကူညီမှုပရိုဂရမ် (Consumer Directed Personal Assistance Program, CDPAP) ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သင် နှင့်/သို့မဟုတ် သင်၏ တစ်ကိုယ်ရေ ပံ့ပိုးကူညီသူ(များ)အနေဖြင့် **ချက်ချင်း အရေးယူဆောင်ရွက်မှု** လုပ်ဆောင်ရမည့်အကြောင်း သင် နှင့်/သို့မဟုတ် သင်၏ ခန့်အပ်ထားသော ကိုယ်စားလှယ်အား သတိပေးရန် ဖြစ်သည်။

ကျန်းမာရေးဌာန (Department of Health) သည် CDPAP အတွက် တစ်ခုတည်းသော ပြည်နယ်တစ်ခွင် ဘဏ္ဍာရေးဆိုင်ရာ အကျိုးဆောင် (Statewide Fiscal Intermediary, SFI) အဖြစ် Public Partnerships LLC (PPL) (governor.ny.gov/news/governor-hochul-announces-next-steps-plans-strengthen-home-care-services-new-yorkers) နှင့် တွဲဖက်လုပ်ဆောင်ထားသည်။ CDPAP ရှိ သုံးစွဲသူများနှင့် တစ်ကိုယ်ရေ ပံ့ပိုးကူညီသူများ အားလုံးသည် 2025 ခုနှစ်၊ မတ်လ 28 ရက်နေ့ နောက်ဆုံးထား၍ PPL သို့ ပြောင်းရမည်။ သင်နှင့် သင်၏ တစ်ကိုယ်ရေ ပံ့ပိုးကူညီသူ (ပြုစုစောင့်ရှောက်သူ) က PPL တွင် စာရင်းသွင်းမထားလျှင် သင့်အား ပြုစုစောင့်ရှောက်ခြင်းအတွက် သင်၏ ပြုစုစောင့်ရှောက်သူကို ငွေပေးချေမည်မဟုတ်ပါ။

**CDPAP ဝန်ဆောင်မှုများ ပေးအပ်ခြင်းအတွက် သင်၏ ပြုစုစောင့်ရှောက်သူကို ငွေပေးချေကြောင်း သေချာစေရန် <u>သင်နှင့် သင်၏ ပြုစုစောင့်ရှောက်သူသည် PPL တွင် စာရင်းသွင်းထားရမည်</u>**။ သင်သည် အောက်ပါရွေးချယ်စရာများအနက် တစ်ခုခုဖြင့် စာရင်းသွင်းနိုင်သည်-

**ရွေးချယ်စရာ 1-** PPL၏ ကူညီပံ့ပိုးရေးစင်တာ 1-833-247-5346 သို့မဟုတ် TTY- 1-833-204-9042 သို့ ဖုန်းခေါ်ပါ၊ PPL အဖွဲ့ဝင်တစ်ဦးသည် သင့်အား လုပ်ငန်းစဉ်ပြီးမြောက်စေရန် ကူညီပေးမည်ဖြစ်သည်

**ရွေးချယ်စရာ 2-** PPL၏ ဝက်ဘ်ဆိုက် pplfirst.com/cdpap သို့ ဝင်ရောက်ခြင်းဖြင့် PPL@Home မှတစ်ဆင့် ကိုယ်တိုင်စာရင်းသွင်းပါ

**ရွေးချယ်စရာ 3-** PPL သို့မဟုတ် အခြားခွင့်ပြုချက်ရ CDPAP ပံ့ပိုးဆောင်ရွက်ပေးသူအပြင် သီးခြားရပ်တည်နေထိုင်ရေး စင်တာများ (Independent Living Centers, ILCs) နှင့် လက်တွဲလုပ်ဆောင်ပါ၊ သူတို့သည် လုပ်ငန်းစဉ်တစ်လျှောက်တွင် သင့်အား ကူညီပေးနိုင်သည်။

ကျန်းမာရေးဌာန၏ ခွင့်ပြုချက်ရထားသော CDPAP ပံ့ပိုးဆောင်ရွက်ပေးသူများစာရင်းကို ဤနေရာတွင် တွေ့နိုင်သည်- CDPAP Facilitators | PPL First (pplfirst.com/cdpap-facilitators/)

**သင်၏ ဝန်ဆောင်မှုများတွင် အဆက်ပြတ်ခြင်း မရှိပါစေနှင့်။ PPL ထံ အမြန်ဆုံး ဆက်သွယ်ပါ။ သင်နှင့်** *သင်၏ တစ်ကိုယ်ရေ ပံ့ပိုးကူညီသူ***က PPL တွင် စာရင်းသွင်းထားပြီးဖြစ်လျှင် သင်သည် CDPAP ဝန်ဆောင်မှုများကို ဆက်လက်ရယူရန် အဆင်သင့်ဖြစ်ပါပြီ။**

CDPAP အကြောင်းကို ကျန်းမာရေးဌာန၏ ဝက်ဘ်ဆိုက်- health.ny.gov/CDPAP တွင် ပိုမိုလေ့လာပါ

လေးစားလျက်၊

[Signature]